Dashboard

ထိုင်း–မြန်မာနယ်စပ်ရှိ ယာယီခိုလှုံစခန်း (၉) ခုအတွက် COVID-19 ရောဂါပေါ်ပေါက်မှုအား တုံ့ပြန်တွန်းလှန်ရန် ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့

သြဂုတ်လ (၂၀) ရက် ၂၀၂၀



ညှိနှိုင်းဆောင်ရွက်မှုအဖွဲ့

1 နိုင်ငံတော်အဆင့်

3 ခရိုင်အဆင့်

0 တင်ပြလာသည့် ရောဂါဖြစ်ပွားမှု

စခန်းများအတွက်ဆောင်ရွက်ပေးသော လိုအပ်သည့်ဝန်ဆောင်မှုများ

စိုးရိမ်မှုဆိုင်ရာအသိပေးခြင်း	✓ (as needed)
ဗဟုဝါစီမံခန့်ခွဲခြင်း	✓
စောင့်ကြည့်ခြင်း၊ လေ့လာစုံစမ်းခြင်းနှင့် ရောဂါဖြစ်ပွားမှုအလျင်အမြန် တုံ့ပြန်ခြင်း၊ ရောဂါကူးစက်ခြင်း၊ ကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်း	✓
အစားအစာ	✓
ကာကွယ်စောင့်ရှောက်မှုနှင့် ကိုယ်စားပြုအရေးဆိုခြင်း	✓ (as needed)

လူဦးရေကိန်းဂဏန်း

* UNHCR statistics as of 31 July 2020

စုစုပေါင်းလူဦးရေ 93,138 Persons



ငွေကြေးထောက်ပံ့မှုအခြေအနေ (USD)

*ဤငွေကြေးထောက်ပံ့မှု လိုအပ်ချက်သည် ၆ လအတွက်သာဖြစ်ပြီး လက်ရှိအခြေအနေ၏ အကဲဖြတ်မှုအပေါ်တွင် မူတည်သည်။





Dashboard

ထိုင်း–မြန်မာနယ်စပ်ရှိ ယာယီခိုလှုံစခန်း (၉) ခုအတွက် COVID-19 ရောဂါပေါ်ပေါက်မှုအား တုံ့ပြန်တွန်းလှန်ရန် ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့

သြဂုတ်လ (၂၀) ရက် ၂၀၂၀

စိုးရိမ်မှုဆိုင်ရာအချက်အလက်များအသိပေးခြင်း

***ADRA** (ACTED, COERR, JRS, HI, IRC, SCI, FilmAid, MI, UNHCR, TBC)**

အဓိကအကြောင်းရာ *ဒုက္ခသည်များ လူမှုအကွာအဝေးထားရှိရေး၊ ပုန်းလုံးဖွဲ့နိုင်မှုနှင့် အင်တာနက်အဆက်အသွယ်ရရှိမှု အဆက်အခဲများ ကြားမှ လူမှုအကွာအဝေးထားရှိရေး ဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် သွားလာလုပ်ရှားမှုကန့်သတ်ချက်များ နှင့်နှာခေါင်းစည်းအသုံးပြုခြင်း ကို လိုက်နာဆောင်ရွက်ရန် အချိန်မီအသိပေးအကြောင်းကြားခြင်း။*

- Covid-19 ရောဂါကာကွယ်မှုနှင့် တုံ့ပြန်မှုနှင့်ဆိုင်သော သတင်းအချက်အလက်များကို အထူးလိုအပ်မှုရှိသူများအပါအဝင် ဒုက္ခသည် များသိရှိနားလည်ရန် ကရင်၊ ဗမာနှစ်ဘာသာဖြင့် အဖွဲ့ပေါ် ၇၀၀ ကျော်အပြန်အလှန်ဆွေးနွေးပွဲများ၊ နံရံကပ်ပိုစတာများ၊ လက်ကမ်း စာစောင်များ၊ ပြည်သူကြေးငြာရေးစနစ်၊ ဗီဒီယိုနှင့် ကွန်ရက်အဆက်အသွယ် နည်းလမ်းများဖြင့် ဆက်လက်ဖြန့်ဝေပေးလျက်ရှိသည်။ ဒုံအ ပြင်၊ အပတ်စဉ်မီဒီယာစောင့်ကြည့်ရေးသတင်းအစီရင်ခံစာအဖြစ်လည်း ကွန်ရက်အသီးသီး၊ စခန်းကော်မတီနှင့် စခန်း သတင်းဗဟိုဌာနများ ၌လည်း ဖြန့်ဝေပေးလျက်ရှိသည်။
- စခန်း ၉ ခုစလုံး၌ရှိသော လူထုပါဝင်ဆောင်ရွက်မှု RCCE ဝန်ထမ်းများအတွက် ကာကွယ်မှုလုပ်ငန်းဆိုင်ရာ ဆောင်ရွက်သူများအဖွဲ့မှ အိမ်တိုင်ရာရောက်သွားရောက်လည်ပတ်မှုနှင့်ဆိုင်သော လုပ်ထုံးလုပ်နည်းနှင့် သင်တန်းဆိုင်ရာလမ်းညွှန်ချက်များပါဝင်သည့် သင်တန်း များပို့ချပေးခြင်း။
- ကျန်းမာရေးဆိုင်ရာဆပ်ကော်မတီနှင့် စိတ်ပိုင်းလူမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ကြပြီး စိတ်ဖိစီးမှုကိုင်တွယ် ဖြေဖျောင်းခြင်းနှင့် စိတ်ကျန်းမာမှုဆိုင်ရာ လမ်းညွှန်မှုများ ဆောင်ရွက်ပြီးဆီးခြင်း။
- ဒေသခံလုပ်ငန်းရှင်များမှဝယ်ယူလော အဝတ်နာခေါင်းစည်း ၉၄ ၀၀၀ အပါအဝင်၊ နှာခေါင်းစည်း ၁၅၀ ၀၀၀ ကို ဒုက္ခသည်နှင့်ဒေသခံ အာဏာပိုင်များအတွက် ဖြန့်ဝေပေးခဲ့သည်။ နှာခေါင်းစည်း ၁၈ ၀၀၀ ကျော်၊ ကျောင်းသူကျောင်းသားများအတွက် ဖြန့်ဝေပေးခဲ့သည်။ မိသားစုနှင့်ဘော်ဒါဆောင်ကျောင်းသူကျောင်းသားဦးရေ ၁၆ ၀၀၀၊ တစ်ကိုယ်ရေသန့်ရှင်းမှုပစ္စည်းများရရှိခဲ့သည်။ သြဂုတ်လကုန်မတိုင် ခင် စခန်း (၉) ခုလုံးအတွက် တစ်ကိုယ်ရေသန့်ရှင်းမှုပစ္စည်း ဒုတိယအကြိမ် စတင်ဖြန့်ဝေသွားရန်ရှိသည်။ တစ်ကိုယ်ရေသန့်ရှင်းမှုပစ္စည်းအကြောင်း၊ အဝတ်နာခေါင်းစည်းအသုံးပြုပုံပြုနည်းလမ်းညွှန်ချက် နှင့်အခြားအဓိကအချက်အလက်အကြောင်းများပါဝင်သော လက်ကမ်းစာစောင်ထုတ်လုပ်၍ သန့်ရှင်းမှုပစ္စည်းနှင့်နှာခေါင်းစည်းများနှင့်အတူ ဖြန့်ဝေသွားမည်။ စခန်း (၉) ခုလုံးရှိ အထူးလိုအပ်မှုရှိသူ ၅၀၀၀ ကျော်အတွက် ဆပ်ပြာတုံး ၁၃ ၀၀၀ ကျော်ဖြန့်ဝေပေးခဲ့သည်။ ဒုက္ခသည်အမျိုးသမီး ၂၈ ၀၀၀ အတွက် အမျိုးသမီးလေးရင်ညီး ပစ္စည်းများဝယ်ယူပြီး စခန်း (၉) လုံးတွင်ဖြန့်ဝေပေးလျက်ရှိသည်။
- လင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့်အလွဲသုံးစားမှုများတားဆီးခြင်း PSEA နှင့်လိင်နှင့်ကျားမဖြစ်မှုအပေါ်အခြေခံသည့် အကြမ်းဖက်မှု SGBV အချက်အလက်များ အသပ်ချက်စက်မှတဆင့် အသိပေးကြောင်ကြားခြင်း။
- IEC ဆိုင်ရာသတင်းအကြောင်း၊ စခန်း (၉) ခုစလုံးမှ စခန်းကော်မတီနှင့် စခန်းခေါင်းဆောင်များ ရရှိသည်။
- သင်ယူမှုဆိုင်ရာပစ္စည်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုအကြောင်းနှင့် မိသားစုအတွက်လမ်းညွှန်ချက်များပါဝင်သော ပညာရေးဆိုင်ရာသတင်းအ ချက်အလက်နှင့် ကလေးများအတွက် COVID—19 ဆိုင်ရာအကြောင်းများ ပြုရုံပြန့်ဝေခြင်း။ အဓိကသတင်းအချက်များပါဝင်သော ရောင်ခြယ်စာအုပ် ၇ ၀၀၀ ကျော်၊ စခန်း (၉) ခုလုံးရှိ အသက် ၅–၁၁ နှစ်အရွယ် ကလေးငယ်များအား ဖြန့်ဝေပေးခဲ့သည်။ သြဂုတ် လကုန်မတိုင်ခင် ကလေးငယ် ၁၃ ၀၀၀ ကျော်အားပြန့်ဝေရန် ရည်ရွယ်ထားသည်။
- နှစ်ပတ်တစ်ဆီရည်ရွယ်သည့် ထင်မြင်ချက်နှင့်တိုင်ကြားချက် လျှောက်လဲမှုနည်းလမ်းများချမှတ်ပြီး လက်ရှိစခန်းလုပ်ရှားမှုများထဲထည့်သွင်းမည်။ ၄င်းနှင်းပတ်သက်၍ ယခုလုအယောက် ၉ ၀၀၀ ကျော်နှင့် ဆွေးနွေးတိုင်ပင်ခဲ့ပြီးဖြစ်သည်။
- အသိပညာ၊ စိတ်နေသဘောထားနှင့် လက်တွေ့လုပ်ခြင်း Knowledge, Attitudes and Practices (KAP) ဆန်းစစ်လေ့လာမှုကို ဆက်လက်ပြုလုပ်နေဆဲဖြစ်ပြီး စခန်း (၇) ခုတွင်ပြီးဆီးခဲ့ပြီးဖြစ်သည်။ ပြန့်ဝေခြင်းအလွန် ပြုလုပ်မည့်စောင့်ကြည့်လေ့လာမှုနှင့်ဆိုင်သော အချက်အလက်များ အပြီးသတ်လုပ်ဆောင်နေဆဲဖြစ်သည်။
- တတိယနိုင်ငံ ထွက်ခွါမည်ဒုက္ခသည်များအတွက် COVID-19 ဆိုင်ရာအကြောင်း ကြေငြာစာစောင်နှင့် တစ်ကိုယ်ရေသန့်ရှင်းမှုပစ္စည်း များပေးအပ်ခဲ့သည်။
- နှာခေါင်းစည်းအသုံးပြုမှုအရေးကြီးပုံ ထောက်ခံအားပေးရန်နှင့်အတူယူစရာဖြစ်ရန်အတွက် စခန်းကော်မတီနှင့်တိုင်ပင်ဆွေးနွေးမှုများပြု လုပ်ရန် စီစဉ်နေသည်။

ရောဂါစီမံခန့်ခွဲခြင်း

***IRC** (MI, CDC)**

အဓိကအကြောင်းရာ *အကယ်၍လက်ရှိအခြေအနေတွင် လူနာဦးရေကိုင်တွယ်နိုင်ဖွယ်ရှိသည်ထက် ပိုများလာလျှင် ပိုများလာသည့်ပမာ ဏအတွက် လိုအပ်သည့်ပစ္စည်း၊ လိုရိယာ နှင့်ဝန်ထမ်းများရရှိရန်။ အကယ်၍အမှန်တကယ်ရောဂါဖြစ်သူအားစခန်းထဲတွင် ကုသမှုပေးပါက အမျိုးသောဆေးများလိုအပ်မည်ဖြစ်သည်။*

- သီးသန့်နေရာထားရှိခြင်းနှင့် ကုသမှုအတွက် လိုအပ်သည့်အဆောက်အအုံအားလုံး ဆောက်လုပ်ပြီးဆီး၍ ရောဂါကူးစက်မှုဖြစ်ပွါးလာပါ က လည်ပတ်ရန် အဆင်သင့်အနေအထားတွင်ရှိပြီးဖြစ်သည်။
- အခြေအနေဆိုးရွားမှုကိုရင်ဆိုင်ရန် လိုအပ်သည့်အဆောက်အအုံများထားရှိပြီး အကယ်၍စခန်းထဲတွင် ရောဂါပေါ်ပေါက်မှုဖြစ်ပွါးလာပါက အလျင်အမြန်တုံ့ပြန်နိုင်ရန် အစီအစဉ်များ ရေးဆွဲအဆုံးသတ်ပြီးဖြစ်သည်။
- ယခုအခါ မယ်ဟောင်ဆောင်စခန်း (၉) ခုလုံးတွင် ပစ္စည်းများအပြည့်အဝတပ်ဆင်ပြီး သံသယလူနာများမှ ပိုးနမူနာကောင်ယူရန် နှင့် Shoklo Malaria Research Unit (SMRU) သို့လုံခြုံစွာသယ်ယူပို့ဆောင်ရန် အဆင်သင့်ရှိပြီးဖြစ်သည်။
- ရောဂါကိုင်တွယ်ဖြေဖျောင်းမှုဆိုင်ရာ ကမ္ဘာ့လမ်းညွှန်ချက်ကို ယခုအခါဒုက္ခသည်စခန်းအခြေအနေနှင့် ထိုင်းလူထုကျန်းမာရေးနှင်ကြီးဌာနလုပ် အပ်ချက်နှင့်ကိုက်ညီအောင် ပြင်ဆင်ညှိနှိုင်းခဲ့သည်။
- ကျန်းမာရေးဝန်ထမ်းများအတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဟန်ဆောင်သရုပ်သကန်ဖော်ခြင်းလေ့ကျင့်ခန်းနှင့် အားသစ်လောင်းသင်တန်း များပေးရန် စီစဉ်နေဆဲဖြစ်သည်။

စားနပ်ရိက္ခာထောက်ပံ့မှု

TBC

အဓိကအကြောင်းရာ *ရေရှည်တွင် စိုးရိမ်ဘွယ်ဖြစ်မှုအခြေအနေနှင့် ကူညီထောက်ပံ့မှုများအပေါ် မှီခိုအားထားခြင်းတိုးပွားလာ။*

- COVID-19 ရောဂါပြန့်ပွါးမှုအားလျှော့ပါးရန်၊ အစားအစာရောင်းချသူ ပေးသွင်းသူနှင့် ဂိုဒေါင်လုပ်သားများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။
- အစားအစာရောင်းသူများအား ၄င်းတို့ဆိုင်သန့်ရှင်းစေရန် ဆပ်ပြာ၊ အရက်ပုံနှင့် ရွက်ဆေးရည်များပေးအပ်ခဲ့သည်။
- ဆိုင်များနှင့်ဂိုဒေါင်များတွင် လက်ဆေးနေရာများထားရှိရန်။ Food Card Service (FCS) ဆိုင်များတွင် မဖြစ်မနေနှာခေါင်းစည်းများ တပ်ဆင်ရမည်။
- အစာအာဟာရဓါတ်အဖွဲ့၊ ကျန်းမာရေးလုပ်ရှားသူ နှင့်စခန်းကော်မတီများ ညှိနှိုင်းတိုင်ပင်ပြီး သီးသန့်နေရာထားရှိရေးဆိုင်ရာ ဆောင်ရွက် ချက် SOPs ရေးဆွဲရန်။ သီးသန့်နေရာထားရှိရေးနှင့်ဆိုင်သော အဆောက်အအုံလုပ်ငန်းများတွင် ကျန်းမာရေးအဖွဲ့အစည်းအားကူညီ ရန်စခန်းဝန်ထမ်းများအတွက် မီးဖိုချောင်လည်ပတ်မှုနှင့်ဆိုင်သောသင်တန်းများ စခန်း (2)ခုလုံးတွင် ပေးခဲ့ပြီးဖြစ်သည်။
- ဒုက္ခသည်များ အခြေခံအစားအစာပစ္စည်းနှင့် လောင်စာမျှား ဆက်လက်ရရှိကိုသေချာစေရန် မဟာဗျူဟာ ရေးဆွဲချမှတ်ခဲ့သည်။
- အစားအစာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဆန်းစစ်လေ့လာချက်ပြုလုပ်ရန်အတွက် အစီအစဉ်ရေးဆွဲနေဆဲဖြစ်သည်။

ရောဂါကူးစက်မှုအား ကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်း (IPC)

***IRC** (MI, CDC)**

အဓိကအကြောင်းရာ *လာမည့်အသစ်သောပုံမှန်အခြေအနေပြန်လည်ကူးပြောင်းမည့်ကာလတွင် စခန်းပြည်သူများက IPC လုပ်ထုံးလုပ်နည်းနှင့်အ ညီ အသေအချာလိုက်နာ ဆောင်ရွက်သွားရန်။*

- COVID-19 SOPs ပြန်လည်ဆန်းစစ်မှု အဆက်မပြတ်ပြုလုပ်ခဲ့ပြီး အပြောင်းအလဲများကို လာမည့်သင်တန်းအစီအစဉ်များတွင် ထည့်သွင်း သွားမည်။ IPC အားသစ်လောင်းသင်တန်းများ ကွင်းဆင်းနေရာအားလုံးတိုင်အ ပြုလုပ်လျက်ရှိသည်။
- NGO ဝန်ထမ်းများအတွက် IPC လမ်းညွှန်ချက်များချမှတ်ခဲ့ပြီးဖြစ်သည်။ စခန်းအဝင်အထွက်ဂိတ်များ၌ လက်ဆေးခြင်းအစီအစဉ်ဆက်လက်လုပ် ဆောင်သွားရန် ဆပ်ပြာနှင့် ရေများပေးခဲ့သည်။
- လူသွားလူလာနေရာများ အထူးသဖြင့် လူအများဆုံးသွားရောက်လေ့ရှိသော နေရာများဖြစ်သည့် ဘာသာရေးအဆောက်အအုံနှင့် ကျောင်းများတွင် လက်ဆေးနေရာများ ဦးစား ပေးထားရှိရန်။
- မိသားစုအဆင့် လက်သန့်ရှင်းရေး လူထုပါဝင်ဆောင်ရွက်ရေးအဖွဲ့မှ ထောက်ပံ့ဆောင်ရွက်လျက်ရှိသည်။
- မျက်နှာဖုံးဗိုင်းနှင့် ပြန်လည်အသုံးပြုနိုင်သော PPE ပစ္စည်း၊ တိုက်ချွတ်မှုပစ္စည်းနှင့် ခွဲစိတ်မှုအကျိုးရှည်များ ဆက်လက်ထုတ်လုပ်သွားရန်။ တော်ဝင် ထိုင်းအစိုးရမှ ဒုတိယအကြိမ်ပေးပို့သော ပို့သော ခွဲစိပ်မှုနှာခေါင်းစည်း ၁၄ ၀၀၀ ရရှိခဲ့သည်။
- စခန်းကျန်းမာရေးအဆောက်အအုံအားလုံးအတွက် WHO မှ PPE အသုံးဆောင်ပစ္စည်းများ နောက်ထပ်လျှောခါနီးနေရန် စိတ်ဆုံးဖြတ်ခဲ့သည်။

စောင့်ကြည့်ခြင်း၊ လေ့လာစုံစမ်းခြင်းနှင့် ရောဂါဖြစ်ပွါးမှုအလျှင်အမြန်တုံ့ပြန်ခြင်း

***IRC** (MI, CDC, WHO, MOPH, MOI)**

အဓိကအကြောင်းရာ *ထိုင်းနိုင်ငံတွင် ကန့်သတ်ချက်များလျော့နည်းလာသည်နှင့်အမျှ အသစ်သောပုံမှန်အခြေအနေသို့ ပြန်လည်ကူးပြောင်းနေ သည်ကာလတွင် သတိမိရိယများ အ ရှိန် မြင့်စွာထားရှိရန်။*

- ထိုင်းနိုင်ငံယာယီခိုလုံသူများအတွက် COVID-19 ရောဂါ ကာကွယ်ခြင်း ၊စောင့်ကြည့်ခြင်း၊ လေ့လာစုံစမ်းခြင်းနှင့် လျှော့ပေါ့ခြင်းဆိုင်ရာ လမ်းညွှန် ချက်ရေးဆွဲပြီးဆီး၍ လူထုကျန်းမာရေးပန်ကြီးဌာနက အတည်ပြုခွင့်ပြုပြီး ထိုင်းဘာသာဘြင့်ပြန်ဆိုကာ ဒုက္ခသည်များနိုင်လုံခွင့်ပေးသောခရိုင် (၄) ခုရှိလူ ထုကျန်းမာရေးအရာရှိများအားဝေငှခဲ့သည်။
- ဒုက္ခသည်များ တတိယနိုင်ငံလုပ်ငန်းစဉ်အတွက် စခန်းအပြင်ရောဂါရှိနေချိန် ဖြစ်ပွါးသောရောဂါလက္ခဏာ ကိုင်တွယ်ဖြေဖျောင်းမှုလုပ်ထုံးလုပ်နည်းကို ရောဂါလက္ခဏာရှိသူ စခန်းမဝင်ခင် ရောဂါစစ်ဆေးရသည့် လက်ရှိလမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်သွားရန်။ စခန်းအပြင်သီးသန့်နေရာထားရှိမှု အဆောက်အအုံဆောက်လုပ်ရန် နေရာရှာဖွေနေဆဲဖြစ်သည်။
- တုပ်ကွေးနှင့်တူသော နာမကျန်းဖြစ်မှုနှင့် အသက်ရှူလမ်းကြောင်းရောဂါကူးစက်ခံရသောလူနာများအား အထူးစောင့်ကြည့်၊ စစ်ဆေးမှုများ စခန်း (၇) ခုတွင်ပြုလုပ်နေပြီး ယခုအခါရောဂါနုနာများ ပုံမှန်ကောက်ခံကာ SMRU ဆီသို့စမ်းသပ်ရန် ပေးပို့သည်။ ကျန်ရှိသောစခန်း (၂) ခုတွင် ရောဂါနမူနာစတင်ပေးပို့မည်။
- ကျန်းမာရေးဆောက်အအုံနှင့် ရပ်ရွာအဆင့်စောင့်ကြည့်ရေးစနစ်အားလုံး ထားရှိပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။
- ထိုင်းတာဝန်ရှိသူများ စခန်းအဝင်ဂိတ်တွင် ပုံမှန်ရောဂါစစ်ဆေးမှုများ ထိရောက်စွာပြုလုပ်နိုင်ရန် ကူညီပံ့ပိုးမှုဆက်လက်ပေးသွားမည်။
- ဖြစ်နိုင်ခြေရှိ COVID—19 ရောဂါဖြစ်ပွါးမှုအား ထိရောက်စွာတုံ့ပြန်နိုင်ဖွယ်သေချာစေရန် တကယ့်ဖြစ်ရပ်ဟန်ဆောင်သရုပ်ဖော် လေ့ကျင့်ခန်းများ ဆက်လက်လုပ်သွားရန်။

ကာကွယ်စောင့်ရှောက်မှုနှင့် ကိုယ်စားပြုအရေးဆိုခြင်း

***UNHCR** (CCSDPT agencies, KWO, KnWO, KRC, KnRC)**

အဓိကအကြောင်းရာ *နိုင်ငံတော်အဆင့်မှဆောင်ရွက်သည့် စောင့်ကြည့်မှု တုံ့ပြန်မှုနှင့် စီမံကိန်းနှင့်ကာကွယ်မှုဆိုင်ရာကိစ္စများ စုပေါင်းဆောင်ရွက်မှု ကိုဒုက္ခသည်များအတွက်လည်း ထည့် သွင်းစဉ်းစားရန်။*

- COVID-19 ဆိုင်ရာကိစ္စရပ်များတွင် တော်ဝင်ထိုင်းအစိုးရမှဆောင်ရွက်သော နိုင်ငံတော်အဆင့် စောင့်ကြည့်မှု၊ တုံ့ပြန်မှုနှင့် စီမံကိန်းဆိုင်ရာလုပ်ရှား မှုများတွင် ဒုက္ခ သည်များ ပါဝင်ရေးအတွက် ဆက်လက်ကိုယ်စားပြုအရေးဆိုသွားရန်။
- SGBV နှင့်လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် အလွဲသုံးစားမှုအန္တရာယ် လျှော့ပေါ့ခြင်းပါဝင်သော အခြားသောကာကွယ်မှုဆိုင်ရာအဓိကလုပ်ငန်း စုပေါင်းဆောင်ရွက်မှုကိုထောက်ခံရန်။
- အထူးလိုအပ်မှုအခြေအနေတွင်ရှိသောသူများအတွက် လိုအပ်မှုအချက်အလက် စုဆောင်းခြင်းနှင့် ပြန်လည်ဆန်းစစ်ခြင်းပါဝင်သော ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဝင်ဆောင်မှုများ ဆက်လက်ပေးသွားရန်။
- လိင်အကြမ်းဖက်မှု SGBV ခံရသူနှင့် အခြားလေးနက်သည့် ကာကွယ်မှုဆိုင်ရာအမှုများအတွက် တိုင်ကြားနိုင်သောလမ်းပါဝင်သော ပုံမှန်ပြီးထိ ရောက်သည့်ကာကွယ်မှုဆိုင်ရာ စောင့်ကြည့်မှုများ ဆက်လက်ဆောင်ရွက်ရန်။ စခန်းအားလုံးအတွက် SGBV လွဲမြောင်းမှုလမ်းကြောင်းထပ်မံပြုပြင် နိုင်ခဲ့သည့်အပြင် ပစ္စည်းအချို့လည်းပေးကမ်းနိုင်ခဲ့သည်။
- ကျောင်းပြန်လည်ဖွင့်ရေးဆိုင်ရာ ပညာရေးဝန်ကြီးဌာန၏လမ်းညွှန်ချက် အင်္ဂလိပ်ဘာသာပြန်ပြီးဆီးခဲ့သည်။ လုံခြုံဘေးကင်းမှုဆိုင်ရာ လမ်းညွှန်ချက် လည်း အဆုံးသတ်နိုင်ခဲ့သည်။ စခန်း (၉) ခုလုံးရှိကျောင်းများအတွက် အနည်းဆုံးညီညတ်လေကုန်အထိ ဆပ်ပြာတုံးများရယူနိုင်ခဲ့သည်။ ကျောင်းများအတွက်တစ်ကိုယ်ရေသန့် ရှင်းမှုဆိုင်ရာ နောက်ဆက်တွဲလိုအပ်မှု ပစ္စည်းအားလုံး စာရင်းပြုစုနိုင်ခဲ့သည်။
- သင်ကြားမှုသို့ပြန်သွားခြင်း စည်းရုံးလှုံ့ဆော်မှုအပါအဝင် စခန်းများတွင် ကျောင်းများသောကင်းလုံခြုံစွာ ပြန်လည်ဖွင့်နိုင်ရေးကို ထောက်ခံသည့် မဟာဗျူဟာများ ချမှတ်သည်။ ၆ ပတ် ကြာပြင်ဆင်ရေးလုပ်ရှားမှုအစီအစဉ်များ ပြုလုပ်နိုင်ခဲ့သည်။
- ခရိုင်အဆင့် ကာကွယ်မှုအန္တရာယ် ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ်မှု Protection Risk Analyses စခန်း ၃ ခုတွင်ပြုလုပ်ပြီးဆီးခဲ့ပြီး ကျန်စခန်းများ မှာပြုလုပ်နေဆဲဖြစ်သည်။